ကျွဲတလင်းကျေးရွာ

ရေဖြူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွဲတလင်းကျေးရွာ၊ ရေဖြူမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဖွန်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၃
	ကွဲတလင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရေဖြူမြို့နယ်	၅
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၆
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၆
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၆
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၆
	(ဂ) ငါးလုပ်ငန်း	၇
	(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၇
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၇
	(ခ) ကျေးရွာ မီးလင်းရေး	၇
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၇
၆။	ပညာရေး	၇
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၈
၈။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၈
၉။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၈
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၉
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၀
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၁
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြ ဇယား	၂၆
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၂၈
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၃၀
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၃၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုး ရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဇွန်၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွဲတလင်းကျေးရွာ

ရေဖြူမြို့နယ်

ကွဲ့တလင်းကျေးရွာ သယံဇာတပြမြေပုံ၊ ရေဖြူမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျွဲတလင်းကျေးရွာသည် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ၊ ရန်ကုန်-ထားဝယ် အဝေးပြေးလမ်းမနံဘေး၊ ထားဝယ်မြို့မှ ၆၈/၅မိုင်အကွာတည်ရှိပါသည်။ ကျေးရွာအရှေ့ဘက်တွင် ထားဝယ်မြစ်တည်ရှိပြီး မြေပြန့်ဒေသဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပူအိုက်စိုစွတ်သော ရာသီဥတုဖြစ်ပြီး နှစ်စဉ်မိုးရေချိန် (၁၂၀)လက်မခန့်ရှိပါသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ဝဥ၊ ဖာလာ၊ ဒညင်း၊ ကြိမ်ပင်များဖြစ်ပါသည်။ ကျေးရွာ၏ အနောက်ဘက် တောင်တန်းပေါ်မှ သဘာဝစိမ့်စမ်းရေထွက်ရှိပြီး န.တ.လ ရန်ပုံငွေဖြင့် ကျေးလက်စိမ့်စမ်းရေသွယ်တန်းပြီး တစ်ရွာလုံးအသုံးပြုနေပါသည်။ ထိုတောင်တန်းပေါ်မှ လမ်းခင်းကျောက်ထုတ်ယူလျက်ရှိပါသည်။ တရားမဝင်သစ်ထုတ်ယူမှုကြောင့် သစ်တောပြုန်းတီးမှု ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရပ်မိရပ်ဖအဖွဲ့နှင့် ဂေါပကအဖွဲ့ပူးပေါင်းပြီး လုပ်ဆောင်လျက်ရှိပါသည်။ ကျေးရွာအတွင်း အခြားအဖွဲ့အစည်းများမှာ အရံမီးသတ်တပ်ဖွဲ့၊ ရေကော်မတီ၊ သာရေးနာရေးအဖွဲ့နှင့် အခြားလူငယ်အဖွဲ့အစည်းများရှိပါသည်။ အမျိုးသမီးအဖွဲ့အစည်းများအနေနှင့် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ရှိသော်လည်း ဆောင်ရွက်မှုအားနည်းပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ သီဟိုဠ်၊ သရက်၊ ရာဘာ၊ ကွမ်းသီး၊ သံပုရာ စသည်တို့ကို အဓိကစိုက်ပျိုးကြသည်။ ရာဘာစိုက်ပျိုးသူ (၇၀%)၊ သီဟိုဠ်စိုက်ပျိုးသူ (၂၈%)၊ သံပုရာစိုက်ပျိုးသူ (၂%)ခန့်ရှိပါသည်။ မိုးရာသီတွင် ဥယျာဉ်ခြံပြုပြင်ခြင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းများသာ ရှိပြီး ဆောင်းရာသီနှင့် နွေရာသီမှသာ ရာဘာ၊ ကွမ်းသီး၊ သံပုရာခြံများမှ ဝင်ငွေရရှိပါသည်။ ဥယျာဉ်ခြံမြေလုပ်ငန်းမှာ မိရိုးဖလာလုပ်ငန်းဖြစ်ပြီး ကွမ်းသီးခြံတွင် ယခုအချိန်၌ ကိုကိုး၊ ငရုတ်ကောင်း၊ ဝဥပင်များကို သီးညှပ်စိုက်ပျိုးလာကြပါသည်။ ယခုနှစ်တွင် ရာဘာနှင့် ကွမ်းသီးခြံများမှထွက်ကုန်များ ဈေးကောင်းမရရှိ၍ တောင်သူများအရှုံးပေါ်လျက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

မွေးမြူရေးလုပ်ငန်းအနေဖြင့် ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် ကြက်၊ ဝက် တစ်ပိုင်တစ်နိုင်မွေးမြူခြင်းလုပ်ငန်းများ တိုးတက်လာပါသည်။ ကျွဲ၊ နွားမွေးမြူသူဦးရေနည်းပါးလာပြီဖြစ်ပါသည်။

` (ဂ) ငါးလုပ်ငန်း

မိုးရာသီတွင် ထားဝယ်မြစ်အတွင်း ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွဲတလင်းကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ အခြားသောဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူ နည်းပါးပါသည်။

(ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေဖြင့် စီးပွားရေးလုပ်ငန်းများ လည်ပတ်လျက်ရှိပါသည်။ ကျေးရွာရှိ အသေးစားငွေချေးလုပ်ငန်းများမှာ အတိုးနှုန်းမြင့်မားပါသည်။ အခြားအဖွဲ့အစည်းများမှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုမရှိပါ။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပို့ဆောင်ရေးအနေဖြင့် ရန်ကုန်-ထားဝယ်ကားလမ်းမဘေးတွင် တည်ရှိပြီးကုန်းလမ်းဆက်သွယ်မှုကောင်းမွန်ပါသည်။ ဆိုင်ကယ်နှင့် အဝေးပြေးမော်တော်ယာဉ်များကို အသုံးပြု၍ အဓိကထားသွားလာကြပါသည်။ ရေလမ်းပို့ဆောင်ဆက်သွယ်ရေးမရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာမှ လျှပ်စစ်ဓါတ်အားအသုံးပြုမှုကို ဆိုလာစွမ်းအင်မှ ကျေးရွာသူ/သားများ၏ ၅၀ အသုံးပြုလျက်ရှိပြီး ကျန်၅၀ခန့်မှာ ဖယောင်းတိုင်နှင့်ရေနံဆီမီးကိုသာ အသုံးပြုကြပါသည်။ ကိုယ်ပိုင်မီးစက်ငယ်များဝယ်ယူ၍ အသုံးပြုသူအနည်းငယ်ရှိပါသည်။ မဟာဓါတ်အားလိုင်းနှင့် ချိတ်ဆက်ပြီးစီးပါက ကျေးရွာမီးလင်းရေးအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တယ်လီဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းမွန်လာပြီဖြစ်ပြီး အိမ်တစ်အိမ်တွင် ပျှမ်းမျှ ဖုန်းတစ်လုံးခန့်အသုံးပြုကြပါသည်။ ကျေးရွာသူ/ သားအများစုမှာ တီဗွီ၊ ဂြိုလ်တုစလောင်းများမှ သတင်းအချက်အလက်နှင့် ဗဟုသုတများ ရရှိနေပြီဖြစ်သည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းတည်ရှိပြီး အလယ်တန်းနှင့်အထက်တန်းကို အခြားမြို့ကြီးများတွင် သွားရောက်ပညာသင်ယူကြရပါသည်။ အများစုမှာ စာရေးတတ်ဖတ်တတ်ရုံအဆင့်သာရှိသည်။

၇။ ကျန်းမာရေး

ကျေးရွာသူ/ သားအများစုမှာ ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိပါ။ သွေးလွန်တုပ်ကွေးကဲ့သို့သော ရောဂါများဖြစ်ပွားပါက အနီးစပ်ဆုံးဆေးရုံသို့ သွားရောက်ကုသကြပါသည်။ မိရိုးဖလာ နတ်ဝင်သည်များကို ကျန်းမာရေးကိစ္စအတွက် အားကိုးကြပြီး ကျန်းမာရေးဗဟုသုတ အလွန်နည်းပါးကြသည်။ ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ ကျေးရွာအရံသားဖွားဆရာမများမှ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ထိုးနှံခြင်းစသည့် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

တစ်ခါတစ်ရံ တောမီးလောင်ကျွမ်းမှုရှိပြီး အခြားထူးခြားသော ဘေးအန္တရာယ်များ မရှိပါ။ ကျေးရွာအနောက်ဘက် သဘာဝသစ်တောမှာ ပြုန်းတီးမှုနည်းပါးသော်လည်း ဆက်လက်ထိန်းသိမ်းမှသာ သဘာဝရေထွက်နှင့် တောတောင်များ ဆက်လက်စိမ်း လန်းနေမည်ဖြစ်သည်။

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို အမျိုးသားများက အများစုဦးဆောင်ကြပါသည်။ အမျိုးသားများမှာ အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိပြီး ဘာသာရေးပွဲများနှင့် အခြားပွဲလမ်းသဘင်များတွင် အမျိုးသမီးများနှင့် အမျိုးသားများမှာ ကဏ္ဍအလိုက်အချိုးညီစွာပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စု- လော့သိုင်း		ကျေးရွာ- ကျွဲတလင်း	ဦးစားပေး အဆင့်
	ကဏ္ဍ	စီမံချက်	အဆိုပြုလုပ်ငန်းစဉ်များ	
၁	ပညာရေး	အဆောက်အဦ	စာသင်ကျောင်းမျက်နှာကျက်ပြုလုပ်ခြင်း (၉၀' x ၃၀')	
၂	ပညာရေး	အဆောက်အဦ	စာသင်ကျောင်း ဝရံတာဆောက်လုပ်ခြင်း (၉၀' x ၃')	
၃	ပညာရေး	အဆောက်အဦ	စာသင်ကျောင်းအဝင် ကွန်ကရစ်လမ်းဖောက်လုပ်ခြင်း (၂၀' x ၉' x ၆")	
၄	ပညာရေး	အဆောက်အဦ	စာသင်ကျောင်း ခြံစည်းရိုးပြုပြင်ခြင်းလုပ်ငန်း (၁၅' x ၆')	
၅	ပညာရေး	အဆောက်အဦ	စာသင်ကျောင်းအိမ်သာရေကန်ဆောက်လုပ်ခြင်း (၆' x ၃' x ၃')	
၆	ပညာရေး	အဆောက်အဦ	စာသင်ကျောင်းဆောင် ကွန်ကရစ်ကြမ်းပြင် ဆောက်လုပ်ခြင်းလုပ်ငန်း (၉၀' x ၃၀')	ဦးစားပေး(၃)
၇	အခြေခံအဆောက်အဦ	လမ်းတံတား	(၂' ၆"Ø) ရေပြွန်ဆောက်လုပ်ခြင်းလုပ်ငန်း (၈၀'အရှည်)	
၈	အခြေခံအဆောက်အဦ	လမ်းတံတား	ရွာလယ်လမ်း (မြေသားလမ်း)ဖောက်လုပ်ခြင်းလုပ်ငန်း	
၉	အခြေခံအဆောက်အဦ	အဆောက်အဦ	မီးသဂြိုလ်အဆောက်အဦးဆောက်လုပ်ခြင်းလုပ်ငန်း	ဦးစားပေး(၁)
၁၀	ကျန်းမာရေး	ဆေးပေးခန်း	ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း	ဦးစားပေး(၂)

နောက်ဆက်တွဲ (၁)

ကျွဲတလင်းကျေးရွာ၊ လေ့ဘိုင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်ဦး	ဦးမောင်ကြိုင်	၁၄/ရကန(နိုင်)၀၇၆၉၅၉	၅၁	ဥက္ကဌ	၀၉-၇၇၁၁၃၉၀၁၄
၂	ဦးတင်ညွန့်	ဦးထွန်းရွှေ	၆/ကလအ(နိုင်)၀၀၁၄၄၆	၂၃	အတွင်းရေးမှူး	၀၉-၇၉၆၃၂၂၇၇၃
၃	ဒေါ်ချယ်ရီမိုးမိုးမြင့်	ဦးမြင့်ဝေ	၁၀/ရမန(နိုင်)၀၁၈၄၄၂	၄၅	ဘဏ္ဍာရေးမှူး	၀၉-၇၇၅၄၇၆၁၀၈
၄	ဒေါ်အေးလွန်	ဦးစံတင်	၆/ရဖန(နိုင်)၀၅၀၉၂၀	၃၂	စာရင်းကိုင်	၀၉-၇၈၀၃၁၇၄၆၉
၅	ဦးဇော်မင်းထိုက်	ဦးကျော်လွင်	၆/ကလအ(နိုင်)၀၀၂၉၆၆	၂၄	စာရင်းစစ်	၀၉-၇၈၅၂၀၉၆၈၀
၆	ဒေါ်တင်ဆောင်	ဦးရို့	၆/ကလအ(နိုင်)၀၀၁၂၆၃	၂၈	စာရင်းစစ်	၀၉-၇၈၅၄၈၅၅၂၂
၇	ဦးမွန်စစ်	ဦးမျိုးမြင့်	၆/ကလအ(နိုင်)၀၀၂၅၁၄	၂၆	အဖွဲ့ဝင်	၀၉-၇၆၂၂၀၇၃၃၀

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၄	၇
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၀	၂၂	၅၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၇	၃၀	၆၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၂	၂၈	၆၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၉၃	၁၈၇	၃၈၀
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၄	၇	၁၁
စုစုပေါင်း		**၂၉၉**	**၂၇၈**	**၅၇၇**
စုစုပေါင်း အိမ်ထောင်စု		**၁၆၅**		

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု (၁၆၅)ရှိသည့်အနက် အလုပ်လုပ်နိုင်သည့်အရွယ်ထက်ဝက်ကျော်ရှိပါသည်။နို့စို့ကလေးအရွယ်နှင့် သက်ကြီးရွယ်အိုဦးရေမှာ အနည်းငယ်သာရှိပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၃	သင့်	အနည်းအကျဉ်း	ချောင်း
ယာမြေ	၅၆	သင့်	အနည်းအကျဉ်း	ချောင်း
ဥယျာဉ်ခြံမြေ	၄၄၉	သင့်	အနည်းအကျဉ်း	ချောင်း
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ	၁၁၂	သင့်	အနည်းအကျဉ်း	ချောင်း
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၁၀၄၀			

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ လယ်မြေဧက အနည်းငယ်သာရှိပါသည်။ ဥယျာဉ်ခြံမြေဧရိယာ အများဆုံးဖြစ်ပါသည်။ ချောင်းမှရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပါသည်။

(၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	-	-
ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	သင့်	လွယ်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	နည်း	ခက်
ပျှမ်းမျှအပူချိန် –	ပျှမ်းမျှ မိုးရေချိန် –	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်၊ ။ တိရစ္ဆာန်မျိုးစိတ်များနှင့် အပင်မျိုးစိတ်များသည် ရှားပါးလာပြီဖြစ်၍ ကျေးရွာသူ/သားများနှင့် သက်ဆိုင်ရာဌာနတို့ ပူးပေါင်း၍ ထိန်းသိမ်းရန်လိုအပ်ပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ရပ်မိရပ်ဖ အဖွဲ့	၁☐ ၂✔ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး✔	
၂	သာရေး/ နာရေးအဖွဲ့	၁☐ ၂☐ ၃✔	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး☐	
၃	အပျို/ လူပျို အသင်း	၁☐ ၂✔ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး☐	

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၄	ဂေါပကအဖွဲ့	၁☐ ၂☐ ၃✔	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	
၅	မြစိမ်းရောင်ကော်မတီ	၁✔ ၂☐ ၃☐	ပညာရေး☐ငွေကြေး✔ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	
၆	ရေကော်မတီ	၁☐ ၂✔ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✔ လုံခြုံရေးနှင့် ကာကွယ်ရေး☐	
၇	အရံမီးသတ်အဖွဲ့	၁☐ ၂✔ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး✔	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင်အမျိုးသမီး ပါဝင်ခြင်းမရှိသော်လည်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံး စွာဖြင့်ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာလည်း ကျောင်း၏လိုအပ်ချက်များနှင့်ကလေးများပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထားဆောင်ရွက်နေပါသည်။ ရပ်မိရပ်ဖအဖွဲ့အစည်း၊ သာရေး/နာရေးကူညီမှုအသင်း၊ လူပျို/အပျိုအသင်းတို့သည် ကျေးရွာ၏သာရေး၊နာရေးနှင့်အခြားသောပရဟိတလုပ်ငန်းများတွင် အတူတကွစုပေါင်းလုပ်ကိုင်နေကြပါသည်။ ရပ်မိရပ်ဖများ၊ရွာသူ/သားများနှင့်စုပေါင်း၍ ကျေးရွာအတွင်းလိုအပ်ချက်ရှိသောလုပ်ငန်းများ အားဦးဆောင်၍ ဆောင်ရွက်ပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅၀	၃၀	၁၀	-
အိမ်အခြေအနေ	နှစ်ထပ်တိုက်/ သွပ်မိုး	တစ်ထပ်တိုက်/ ပျဉ်ထောင်/ သွပ်မိုး	ပျဉ်ထောင်/ ဓနိမိုး	ဝါး/ ဓနိမိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	ဈေးရောင်း စိုက်ပျိုးရေး	ဈေးရောင်း	မွေးမြူရေး	ကျပန်း/ မွေးမြူရေး
အိမ်ထောင်စု	၂၀	၃၀	၈၀	၃၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေနှင့်ပတ်သက်၍ အလွန်ပြေလည်သော အိမ်ထောင်စုသည် မြေယာပိုင်ဆိုင်မှု (၅၀)ဧကခန့်ရှိပါသည်။ ဥယျာဉ်ခြံလုပ်ကိုင်သူအများစုဖြစ်ပါသည်။ ကျပန်းလုပ်ကိုင်သော မြေယာမဲ့ ဆင်းရဲသားအိမ်ထောင်စု အနည်းငယ်ရှိပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၅	၁၅%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ်တာထိ)	၃၇	၂၂%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၅၃	၃၂%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၂၉	၁၈%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်)	၂၁	၁၃%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၆၅	၁၀၀%	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုများသည်(၁၅%)ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။ ၂.၅ ဧကမှ ၅ဧကအထိ ပိုင်ဆိုင်သော တောင်သူငယ်ဦးရေ အများဆုံးဖြစ်ပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	
တောင်ယာစပါး	၅	တင်း	၅၀	၈၀	၆၅	
ရာဘာ	၁၂၀	ပေါင်	၁၀	၁၅	၁၂.၅	
ကွမ်းသီး	၇၅	ပိဿာ	၃၀၀	၅၀၀	၄၀၀	
သီဟိုဠ်	၅၀	ပိဿာ	၂၀၀	၄၀၀	၃၀၀	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တောင်ယာစပါးကို စားသုံးရန်အတွက်သာစိုက်ပျိုးကြသည်။ ရာဘာ အများဆုံးစိုက်ပျိုးကြသည်။ ကွမ်းသီးနှင့် သီဟိုဠ် စိုက်ပျိုးသူများလည်း ရှိပါသည်။ ရာဘာ၊ ကွမ်းသီး စသည်တို့မှာ ယခုနှစ်တွင် ဈေးကောင်းမရရှိပါ။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၄	၂၀
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၂၈	၆၈
ကြက်	၈၀	၄၇၃
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြက်ကောင်ရေ (၅၀၀)ခန့်အထိမွေးမြူထားပြီး နွား၊ ဝက် မွေးမြူသည့် အိမ်ထောင်စုများလည်းရှိပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း		၂		
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း		၃		
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး		၁		
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)		၁၀		
၇	လက်လီ-လက်ကားရောင်းဝယ်ရေး		၈		
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး		၁		
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အ				

	ထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ		၂၅		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်သောကျေးရွာဖြစ်၍ အခြားသော စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါး၍ လူငယ်အများစုမှာ ပြည်ပသို့သွားရောက်အလုပ် လုပ်ကိုင်ကြပါသည်။

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ) (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)		ရေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ✔ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ✔ ကား/ထော်လာဂျီ ✔ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာထွက်ကုန်များဈေးကွက်သို့ပို့ဆောင်ခြင်းနှင့် အခြေခံစားသုံးကုန်၊ရောင်းကုန်များအတွက် ရေးမြို့သို့ သွားရောက် ရောင်းဝယ်ကြပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက်သုံးစွဲနိုင်မှု	လမ်းအရှည်(မိုင်)
ရွာတွင်းလမ်း	၁☐၂☐၃☐ ၄☐၅☐	ကောင်း☐ သင့်☐ ညံ့☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐	၀–၁ မိုင်☐ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☐၂☐၃☐ ၄☐၅☐	ကောင်း☐ သင့်☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐	၀–၁ မိုင်☐ ၁–၅ မိုင်☐

လမ်း အမျိုးအစား	အမျိုး အစား	အရည် အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
		ညံ့☐		၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐၂☐၃☐ ၄☐၅☐	ကောင်း☐ သင့်☐ ညံ့☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐	၀–၁ မိုင်☐ ၁–၅ မိုင်☐ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းရှိလမ်းအများစုမှာ ကျဉ်းမြောင်း၍ မြေသားလမ်းများ ဖြစ်ကြသည်။ လမ်းမြေအမျိုးအစားမှာ မိုးရာသီတွင် ရွှံ့ဗွက်ထသော မြေအမျိုးအစားဖြစ်၍ သွားလာရ အဆင်မပြေလှပါ။

(၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

တံတား အမျိုးအစား	အရွယ်အစား (အလျား၊အနံ၊အမြင့်)	အရည်အသွေး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု
ဆိပ်ခံတံတား		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐
ကွန်ကရစ် တံတား		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐
သစ်သား တံတား		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐
ကြိုးတံတား		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐
ဝါးတံတား		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐
ရေပြွန်		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐
ရေကျော်		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွဲတလင်းကျေးရွာတွင် ရေပြွန်(၁၃)ခု ရှိသည့်အနက် (၅)ခုမှာ အရည်

အသွေးညှံ့ဖျင်းနေ၍ အသစ်ပြန်လည်တည်ဆောက်ရန်လိုအပ်ပါသည်။

(၅.၄) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ✔	၁ ☐ ၂ ☐ ၃ ☐	မိုးရာသီ☐ တစ်နှစ်ပတ်လုံး☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ✔	၁ ☐ ၂ ☐ ၃ ☐	မိုးရာသီ☐ တစ်နှစ်ပတ်လုံး☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။၁ – လှေ၊သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးအပြုပါ။

(၅.၅) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၄) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	လှေ၊ သမ္ဗာန်	စက် လှေ	စက် ဘီး	မော်တော် ဆိုင်ကယ်	သုံးဘီး ဆိုင်ကယ်	ထော် လာဂျီ	ကား	မြင်း လှည်း	နွားလှည်း
အရေအတွက်			၂၃	၁၄၁	-	-	၆	-	၁၀

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ရန်ကုန်-ထားဝယ်ကားလမ်းဘေးတွင် တည်ရှိပြီး ကုန်းလမ်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် ရွာသူ/သားအများစုမှာ ဆိုင်ကယ်အသုံး ပြုကြပါသည်။

(၅.၆) လျှပ်စစ်မီးရရှိမှု

ဇယား (၁၅) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	
ဆိုလာစနစ်	၁၅၄
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	

ရင်းမြစ်	အိမ်ထောင်စု
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၁၁

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာအတွင်းရှိ မီးလင်းရေးအတွက် ဆိုလာကိုအဓိကအသုံးပြုကြပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။

(၅.၇) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၁၆၅	၁၃	၂၆

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။တယ်လီဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်လိုင်းများကောင်းမွန်နေပြီဖြစ်သောကြောင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍအတွက် အဆင်ပြေပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၇) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၄၉	၄၄	၉၃
အလယ်တန်း	၉	၉	၁၈
အထက်တန်း	၅	၅	၁၀
တက္ကသိုလ်/ကောလိပ်	၅၃	၅၈	၁၁၁

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဘုန်းကြီးကျောင်းပညာရေးသင်ယူနေသော ကျောင်းသား(၄)ဦးရှိပါသည်။ တက္ကသိုလ်အဆင့်တက်ရောက်နေသော ကျောင်းသားဦးရေများပြားပါသည်။

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၈) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း ✔ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐		
ခ။ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် ✔ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ✔ စက်ဘီး ✔ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၂၇၀၀စတုရန်းပေ								
င။အမိုး၊နံရံ၊အခင်း အရည်အသွေး	ကောင်း☐သင့်✔ညံ့☐			ကောင်း☐သင့်☐ညံ့☐			ကောင်း☐သင့်☐ညံ့☐		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ✔			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☐ ညံ့ ✔ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်✔ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	-	၄	၄						
ကျေးရွာခန့်	-	-	-						

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိစာသင်ကျောင်းတွင် မူလတန်းအထိ ပညာသင်ယူနိုင်ပြီး အထက်တန်းနှင့် အလယ်တန်းကို ရေးမြို့သို့ သွားရောက်သင်ယူကြပါသည်။ မူလတန်းတွင် ကျောင်းသားဦးရေများပြားလာပြီဖြစ်၍ ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၉) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှော	မြင့်☐	နိမ့်✔	မရှိ☐
၂	သွေးလွန်တုပ်ကွေး	မြင့်✔	နိမ့်☐	မရှိ☐
၃	ငှက်ဖျား	မြင့်✔	နိမ့်☐	မရှိ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်☐	နိမ့်☐	မရှိ✔
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်☐	နိမ့်☐	မရှိ✔
၆	တီဘီ	မြင့်☐	နိမ့်✔	မရှိ☐
၇	ဆီးချို	မြင့်✔	နိမ့်☐	မရှိ☐
၈	သွေးတိုး	မြင့်✔	နိမ့်☐	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐	နိမ့်☐	မရှိ✔
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☐	နိမ့်☐	မရှိ✔
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐	နိမ့်✔	မရှိ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ ဖြစ်ပွားမှုများပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၂၀) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	✔	-
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✔	-
၃	ပိုလီယိုရောဂါ	✔	-
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✔	
၅	ဝက်သက်ရောဂါ	✔	-
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု	✔	
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✔	-
၈	အာဟာရပညာပေး အစီအစဉ်	✔	-

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးထိုးနှံမှုများ ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၁) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ✔ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ✔ မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☐ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင်☐ ၁၀ မိုင်အထက် ✔	ရှိ ✔ မရှိ ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။အရေးပေါ်ရှေးဦးသူနာပြုနှင့် အခြားကျန်းမာရေးကိစ္စများအတွက် အနီးဆုံး ရာဖူးကျေးရွာ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကုသကြပါသည်။ နာတာရှည်ရောဂါနှင့် အခြားရောဂါများကုသရန်အတွက် ကလိန်အောင်မြို့နယ်ဆေးရုံနှင့် ထားဝယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၂) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ)
ရေတွင်း	၃	ကောင်း ✔ သင့် ☐ ညံ့ ☐	✔
အဝီစိတွင်း/ စက်တပ်		ကောင်း ☐ သင့် ☐ ညံ့ ☐	
အဝီစိတွင်း/ တုံကင်		ကောင်း ☐ သင့် ☐ ညံ့ ☐	
မိုးရေ သိုလှောင်ကန်		ကောင်း ☐ သင့် ☐ ညံ့ ☐	
မြစ်/ချောင်းရေ		ကောင်း ☐ သင့် ☐ ညံ့ ✔	
ရေကန်		ကောင်း ☐ သင့် ☐ ညံ့ ☐	
စိမ့်စမ်းရေ	၁၆၇	ကောင်း ☐ သင့် ✔ ညံ့ ☐	

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျွဲတလင်းကျေးရွာတွင် သောက်သုံးရေအဖြစ် စိမ့်စမ်းရေကို အဓိကအသုံးပြုပြပါသည်။ နွေရာသီတွင် ရေရှားပါးမှုအနည်းငယ်ရှိပါသည်။ ရေမီတာတပ်ဆင်ပြီး ဖြစ်၍ ရေစနစ်တကျ သုံးစွဲတတ်လာပြီဖြစ်သည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၃) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၁၆၇
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုကြပါသည်။

(၈) ဘေးအန္တရာယ်များ

ဇယား (၂၄) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	-
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	-
၃	ရေကြီးခြင်း	-
၄	မိုးခေါင်ခြင်း	-
၅	အအေးလွန်ကဲခြင်း	-
၆	မုန်တိုင်း	-
၇	လျှော်စွ	-
၈	မီးဘေး	-
၉	ဆားငန်ရေဝင်မြေ	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	-
၁၁	သစ်တောပြုန်းတီးခြင်း	-
၁၂	ငှက်ဖျားရောဂါ	-
၁၃	တီဘီရောဂါ	-
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-
၁၅	ပြည်တွင်း ပဋိပက္ခ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	-
၁၇	လူကုန်ကူးခြင်း	-

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက်
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ထိခိုက်မှုမြင့်မားသော ဘေးအန္တရာယ် ကျရောက်မှုမရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီလွှာအခြေအနေ	နိမ့်	
အပင်မျိုးစိတ်များ	နိမ့်	
ရေအရင်းအမြစ်	နိမ့်	
ငါးမျိုးကွဲများ	နိမ့်	
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ကြီးမားစွာထိခိုက်မှုမရှိပါ။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၆) ကျား –မ ရေးရာ

စဉ်	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ☐	မရှိ✔
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ✔	မရှိ☐
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	ရှိ☐	မရှိ✔
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု	ရှိ✔	မရှိ☐

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများအသင့် အတင့်ရှိပါသည်။

နောက်ဆက်တွဲ (၃)

ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား(နမူနာ အဖြစ်သာ ထည့်ထားပါသည်၊ ကျေးရွာမှ ရေးဆွဲလာသည့်အတိုင်း ထည့်ရေးပေးရန် ဖြစ်ပါသည်)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ပညာရေး					
	• အမိုးအကာ လုံခြုံမှု မရှိ၍ ရာသီဥတုဒဏ်ကို ကျောင်းသား/ သူများ ခံစားရခြင်း	• စာသင်ကျောင်းဆောင် မျက်နှာကျက်မရှိခြင်း			• ပညာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်ချက်များ တင်ပြတောင်းဆိုခြင်း၊ • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ • ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်မိဘဆရာအသင်းတို့ ပူးပေါင်း၍ ထိရောက်စွာ လက်တွဲဆောင်ရွက်ရန် စီစဉ်ကူညီပေးခြင်း၊	• စာသင်ကျောင်းမျက်နှာကျက်ပြုလုပ်ခြင်း (၉၀' x ၃၀')
	• ဘေးကင်းလုံခြုံမှုအားနည်းခြင်း	• စာသင်ကျောင်းဆောင် ဝရံတာမရှိခြင်း				• စာသင်ကျောင်းဝရံတာဆောက်လုပ်ခြင်း (၉၀' x ၃')
	• မြေသားလမ်းဖြစ်၍ မိုးရာသီတွင် ကလေးများ မကြာခဏ ချော်လဲခြင်း	• စာသင်ကျောင်းအဝင်လမ်း အဆင့်မြှင့်တင်ရန် လိုအပ်ခြင်း				• စာသင်ကျောင်းအဝင်ကွန်ကရစ်လမ်းဖောက်လုပ်ခြင်း (၂၀' x ၉' x ၆")
	• ဘေးကင်းလုံခြုံမှုအားနည်းခြင်း	• စာသင်ကျောင်းခြံစည်းရိုးမရှိခြင်း				• စာသင်ကျောင်းခြံစည်းရိုးပြုပြင်ြင်းလုပ်ငန်း (၁၅' x ၆')
	• တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်း	• စာသင်ကျောင်း အိမ်သာရေကန်မရှိခြင်း				• စာသင်ကျောင်းအိမ်သာရေကန်ဆောက်လုပ်ခြင်း (၆' x ၃' x ၃')
	• စာသင်ဆောင် ကြမ်းပြင်မှာ မိုးရာသီတွင် ရေဝပ် ခြင်း	• စာသင်ဆောင် ကွန်ကရစ်ကြမ်းပြင် မရှိခြင်း				• စာသင်ကျောင်းဆောင်ကွန်ကရစ်ြမ်းပြင်ဆောက်လုပ်ခြင်းလုပ်ငန်း(၉၀' x ၃')

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၂	**ကျန်းမာရေး**					
	• ရာသီအလိုက်ဖြစ်သော ရောဂါများဖြစ်ခြင်း။ • ကျန်းမာရေးဆိုင်ရာအသိ အားနည်းခြင်း။	• ကျေးရွာ ဆေးပေးခန်းမရှိခြင်း	•	•	• ဆေးပေးခန်းရရှိရေး ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • ရေနှင့်သန့်ရှင်းရေး ပံ့ပိုးမှုများအတွက်ကျေး/လက်ဦးစီးဌာန နှင့်ချိတ်ဆက်လုပ် ဆောင်ခြင်း	• ကျေးရွာ ဆေးပေးခန်း တည်ဆောက်ခြင်း
၃	**အခြေခံအဆောက်အဦ**					
	• ရွာတွင်းလမ်းမကောင်းခြင်း	• မြေသားလမ်းပြုပြင်နိုင်ခြင်းမရှိခြင်း • ငွေကြေးချို့တဲ့ခြင်း	•	•	• ကျေးရွာဆပ်ကော်မတီဖွဲ့ စည်းပြီး ကျေး/လက် ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	• ရွာလယ်လမ်း(မြေသားလမ်း) ဖောက်လုပ်ခြင်း
	• ရေစီးရေလာ မကောင်းခြင်း	• ရေပြွန်များပျက်စီးနေခြင်း	•	•		• (၂'၆"Ø) ရေပြွန် ဆောက် လုပ်ခြင်းလုပ်ငန်း (၈၀'အရှည်)
	• နာရေးကိစ္စရပ်များတွင် အဆင်မပြေခြင်း	• မီးသင်္ဂြိုလ် အဆောက်အဦးမရှိခြင်း	•	•		• မီးသင်္ဂြိုလ်အဆောက်အဦး ဆောက်လုပ်ခြင်းလုပ်ငန်း

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ – ကျွဲတလင်း ကျေးရွာအုပ်စု – လေ့သိုင်း မြို့နယ် – ရေဖြူ တိုင်းဒေသကြီး / ပြည်နယ် – တနင်္သာရီတိုင်းဒေသကြီး	
စီမံချက်အမည် – မီးသင်္ဂြိုလ်အဆောက်အဦးတည်ဆောက်ခြင်းလုပ်ငန်း (၇'၉" x ၉'၉" x ၅၇'၁၀")	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျွဲတလင်းကျေးရွာသုသာန်တွင် မြေနေရာအခက်အခဲရှိလာခြင်းကြောင့် မီးသင်္ဂြိုလ်အဆောက်အဦး တည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။	
စီမံချက်၏ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန် မီးသင်္ဂြိုလ်အဆောက်အဦးတည်ဆောက်ပြီးစီးပါက ကျေးရွာ၏ နာရေးကိစ္စရပ်များအတွက် ပို၍ အဆင် ပြေလာစေရန်ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) မီးသင်္ဂြိုလ်အဆောက်အဦးတည်ဆောက်ပြီးစီးပါက ကျေးရွာ၏ နာရေးကိစ္စရပ်များအတွက် ပို၍ အဆင်ပြေလာစေမည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) မီးသင်္ဂြိုလ်အဆောက်အဦးတည်ဆောက်ခြင်းလုပ်ငန်း (၇'၉" x ၉'၉" x ၅၇'၁၀")	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • ____________ (ငွေသား) • ၃,၀၀၀,၀၀၀ (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျွဲတလင်းကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၉၉	၂၇၈	၅၇၇	၂၀	၃၀	၈၀	၃၅	၁၆၅
အကျိုးခံစားမည့် ဦးရေ	၂၉၉	၂၇၈	၅၇၇	၂၀	၃၀	၈၀	၃၅	၁၆၅
မှတ်ချက်။ ချောင်လည်အဆင့် – ၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူ အကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) ကျွဲတလင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက် စတင်မည့် အချိန်ခန့်မှန်း – ဇန်နဝါရီလ
(၃) စီမံချက် ပြီးစီးမည့် အချိန် – မတ်လ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • အဆောက်အဦး ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

ကျေးရွာ - ကျွဲတလင်း ကျေးရွာအုပ်စု - လေ့ာသိုင်း မြို့နယ် - ရေဖြူမြို့နယ် တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး	
စီမံချက်အမည် – ဆေးပေးခန်းတည်ဆောက်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ အရေးပေါ်ကျန်းမာရေးကိစ္စရပ်များ ကုသနိုင်ရေးအတွက် ရှေးဦးသူနာပြုစုခြင်းများအတွက် ကျေးရွာတွင် ဆေးပေးခန်းမရှိသောကြောင့် အခက်အခဲများ ကြုံတွေ့နေပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) အရေးပေါ်ကျန်းမာရေးကိစ္စရပ်များပေါ်ပေါက်လာပါက အခြားကျေးရွာသို့သွားရန်မလိုဘဲ မိမိတို့ကျေးရွာတွင်ပင် ပိုမိုလျှင်မြန်ထိရောက်စွာကုသနိုင်ရေးအတွက် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ဆေးပေးခန်းရှိပါက ကာကွယ်ဆေးထိုးနှံခြင်းကဲ့သို့သော ကိစ္စရပ်များတွင် နေရာအတည်တကျ ရှိလာမည် ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ဆေးပေးခန်းဆောက်လုပ်ခြင်း	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• xxxxxxxxxx (ငွေသား) • xxxxxxxxxx (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား)	• …………………ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၉၉	၂၇၈	၅၇၇	၂၀	၃၀	၈၀	၃၅	၁၆၅
အကျိုးခံစားမည့်သူ ဦးရေ	၂၉၉	၂၇၈	၅၇၇	၂၀	၃၀	၈၀	၃၅	၁၆၅
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –
(၃) စီမံချက်ပြီးစီးမည့်အချိန် –
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

နောက်ဆက်တွဲ(၆)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

ကျေးရွာ - ကျွဲတလင်း
ကျေးရွာအုပ်စု - လေ့ာသိုင်း
မြို့နယ် - ရေဖြူမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး

စီမံချက်အမည် – စာသင်ကျောင်းဆောင် ကွန်ကရစ်ကြမ်းပြင် ဆောက်လုပ်ခြင်းလုပ်ငန်း (၉၀' x ၃၀')

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

လက်ရှိစာသင်ကျောင်း၏ ကြမ်းပြင်မှာ အက်ကွဲပျက်စီးနေပြီး မိုးရာသီတွင် ရေဝပ်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

စာသင်ကျောင်းဆောင်၏ ကွန်ကရစ်ကြမ်းပြင်ဆောင်ရွက်ပြီးစီးပါက ကျောင်းဆောင်၏ဥပဓိရုပ်ပိုမို ကောင်းမွန်လာမည်ဖြစ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

ကျောင်းဆောင်၏ဥပဓိရုပ်ပိုမိုကောင်းမွန်လာပြီး စာသင်ကြားရာနေရာစနစ်တကျရှိလာကာ ကျောင်းသား/သူများ ဘေးကင်းစွာ ပညာသင်ကြားနိုင်မည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

စာသင်ကျောင်းဆောင် ကွန်ကရစ်ကြမ်းပြင် ဆောက်လုပ်ခြင်းလုပ်ငန်း (၉၀' x ၃၀')

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ……………… (ငွေသား)	• …………………ဦးစီး
• xxxxxxxxxx (ငွေသား)	• ကျေးရွာ
• xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၉၉	၂၇၈	၅၇၇	၂၀	၃၀	၈၀	၃၅	၁၆၅
အကျိုးခံစားမည့်သူ ဦးရေ	၂၉၉	၂၇၈	၅၇၇	၂၀	၃၀	၈၀	၃၅	၁၆၅
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –
(၃) စီမံချက်ပြီးစီးမည့်အချိန် –
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ